# မြုလဲခင်

## အချစ်လေပွေ

ဒုတိယအကြိမ်



Children begin by loving their parents;

As they grow older, they judge them;

Sometimes they forgive them;

ကလေးများ သည် မိဘများကို ငယ်စဉ်က ချစ်ကြသည် ။

သူတို့ ကြီးပြင်းလာသောအခါ မိဘများကို ကောင်းမကောင်း ဆုံးဖြတ်ကြတော့သည် ။

တစ်ခါတရံ မိဘများကို ခွင့်လွှတ်တတ်ကြသည် ။

## အခန်း (၁)

'ဟေ့ကောင်…နေဦး'

ဖခင်ဖြစ်သူ၏ နင့်နင့်သီးသီး အော်သံကြောင့် ရဲညီအောင် တုန်လှုပ်သွားသည် ။ သူ့ကိုခေါ်ခြင်း မဟုတ်ပါလေစဟူသော သံသယဖြင့် ဖခင်မျက်နှာကို စူးစမ်းကြည့်လိုက်သည် ။

အသားဖြူသော ဖခင်၏ မျက်နှာသည် နီရဲနေ၏။ ဒေါသမီးတောက်နေသော မျက်လုံးအစုံဖြင့် သူ့အား စိမ်းစိမ်းကြည့်နေသည် ။

ရဲညီအောင် အံ့သြခြင်းများ စွာဖြင့် ရင်မှာ  နာကျင်သွားသည် ။

‘မင်း လုပ်ပုံ ကောင်းသေးရဲ့ လား။ လူ့လိမ္မာသား ယဉ်ပါး လူမိုက်သား ရမ်းကားတဲ့ ကွ၊ ဟော့ကောင် ငရဲ’

ဖခင်က ခပ်အေးအေး ရှင်းပြသဖြင့် ငရဲပို၍ လန့်လာသည် ။ သူ့ ဖခင်သည် ဒေါသဖြစ်ခြင်းထက် အေးအေးဆေးဆေးလေး ဖြစ်သောအခါ သူ၏ စကားမှန်သမျှတို့ ကို ရဲညီအောင်တို့ မိသားစုတစ်စုလုံး အလိုအလျောက် ‘ဟုတ်ကဲ့’ ဟု ခေါင်းညိတ်ပြီးသား ဖြစ်နေတတ်သည် ။ သို့တိုင်အောင် ရဲညီအောင်က အနည်းငယ် အထွန့်တက်လိုက်သေးသည် ။

‘သူက သားကို မောက်မောက်မာမာ ဆက်ဆံတယ် အဖေ’

ဖခင်က ပြုံးလိုက်၏။ ကလေးဆန်သော သားကို ကြည့်ရင်း...

‘ဆက်ဆံရေးဆိုတာ အသွားအပြန်ရှိတယ်။ သားက စပြီးဆက်ဆံရေးကျဲခဲ့တယ် ထင်တယ်’

‘သားက မကျဲပါဘူး ဖေဖေ။ ပြေပြေပြစ်ပြစ်ကို ခေါ်တာပါ။ ကန်တော့ပွဲနဲ့ မကန်တော့ရုံတမယ်ပဲ ကျန်တော့တယ်။ သူ့ဘာသာသူ မလိုက်တာကို နောက်ယောက်ျား ယူချင်လို့ လားမှ မသိတာ ။ နေပါစေ ဖေဖေရာ. . ခေါ်မနေပါနဲ့ တော့’

‘ဩော်...ဩော်. .. သားက ပြေပြစ်ပါရဲ့ . သူက ဆက်ဆံရေး ကျဲလွတ်တယ်ဆိုတော့ လွန်နေပြီ။ နေပါစေတော့ကွာ ဖေဖေ့သားကြီး မင်းကိုကိုရဲ့ သွေး၊ ငွေမြေးလည်း ဖြစ်ချင်ရာဖြစ်ပစေ။ ကျီးထိုးထိုး လောက်ကိုက်ကိုက်ကွာ’

‘အန်’

ရဲညီအောင် ကယောင်ချောက်ချား ထလိုက်သည် ။ သူ့ အဖြစ် သူ မလုံမလဲဖြစ်ကာ မလှမ်းမကမ်း၌ စကားတစ်ခွန်းမှ ဝင်မပြောဘဲ ထိုင်

နေသော ဦးလေးကွန်းကို လှမ်းကြည့်လိုက်သည် ။ ဦးလေးကွန်းမှာ ပါးစပ်တပြင်ပြင်နှင့် ဖြစ်နေသည် ။

'ဟော့… မောင်ကွန်း။ ငါ့သားငယ်လေးကို လေစိမ်းတွေ တိုက်လွှတ်တယ်ဆိုတော့ သင်းကို ထပ်လွှတ်လို့ တော့ မဖြစ်တော့ဘူးထင်တယ်။ ကိုင်း… ကြာတယ်ကွာ၊ ကားထုတ်ထား၊ ငါကိုယ်တိုင်ပဲ လိုက်ခေါ်တော့မယ်'

'ဟောဗျာ'

ရဲညီအောင်က ဖခင်အား အံ့ဩတကြီး လှမ်းကြည့်လိုက်ရာ ဖခင်က သူ့အား မိန့်မိန့်ကြီး ပြုံးပြရင်း…

'မဟောဗျာနဲ့ အငယ်လေး။ သင်းက ဘယ်လောက်ပဲ မာနတွေထားထား။ ဖေဖေကတော့ မထားနိုင်ဘူး။ မြေးအနှစ်တဲ့ ကွ၊ သားကြီးရဲ့ သွေး၊ ဖေဖေတို့ ရဲ့ မျိုးဆက်ကလေးကိုတော့ စောင့်ရှောက်ရမယ့် ဝတ္တရား ဖေဖေတို့ မှာ ရှိတယ်။ ဒီတော့ ဖေဖေ သိက္ခာကျချင်ကျပါစေတော့ကွာ။ ဖေဖေ ကိုယ်တိုင်ပဲ လိုက်ခေါ်တော့မယ်'

'အန်'

'ဘာအန်လဲ'

'ဖေဖေကလည်း မသွားပါနဲ့ '

'ဟ မသွားလို့ ဖြစ်မလား။ငါသွားမှ ပြီးမယ့်ကိစ္စကို'

ရဲညီအောင်က ဖခင်လက်မောင်းကို လှမ်းဆွဲရင်း…

'ဖေဖေ မသွားနဲ့ သားပဲ သွားတော့မယ်'

'ဟေ… ဖြစ်ပါ့မလား။ မင်းကို ဆက်ဆံရေး ကျဲလွှတ်လိုက်တယ်ဆို'

'သူကလား ကျဲရဲမှာ ။ သူနဲ့ တောင် သားမတွေ့ခဲ့ပါဘူး။ ခြံရှေ့မှာ ရပ်ပြီး ဦးလေးကွန်းကိုပဲ ခေါ်ခိုင်းလိုက်တာ။ ဒါပေမဲ့ သူလိုက်မလာဘဲ စာနဲ့ အကြောင်းပြန်လိုက်တယ်။ ဒီမှာ လေ ဖေဖေ့ချွေးမ မကြီးကျယ်ရဲ့ စာ။ ဖတ်ကြည့်ပါဦး'

**ကိုကို့ညီ**

ကျွန်မရဲ့ ရင်သွေးအတွက် ကျွန်မဘဝနှင့်လဲပြီး မွေးဖွားပြုစုနိုင်ပါတယ်။ ကျွန်မဟာ မိခင်ပါ။ ဖေဖေ ခေါ်ခိုင်း၍ လာခေါ်တယ်ဆိုခြင်းအတွက် ကျေးဇူးတင်ပါတယ်။ ဖေဖေ့စကားကို လေးစားလိုက်နာချင်ပေမယ့် ရှင်နဲ့ တော့ မလိုက်နိုင်ပါ။

**ကိုကို့ဇနီး**

'သြော်...သြော် တော်တော်လေးကို ကြီးကျယ်တဲ့ စာနော်၊ ဟုတ်လားသားငယ်'

'ဟာ.... ဖေဖေကလည်း သူ့ကို သာတော့ ခေါ်မထားချင်ပါဘူး။ မကျေနပ်ဘူး။ ကိုကို့ကျုံးသွင်းထားနိုင်ခဲ့တဲ့ သူ့ကို သားမကြည့်ချင်ဘူး။ မရီးလည်း မတော်ချင်ဘူး'

'အေးပါကွာ... မကြည့်ချင်လည်း ရှောင်သာနေပေါ့ကွာ။ ဖေဖေတော့ သွားခေါ်မယ်။ ဟေ့... မောင်ကွန်း ကားထုတ်ပြီးပြီလား'

ဖခင်က ပြောပြောဆိုဆိုနှင့် တံခါးမကြီးဆီသို့ လျှောက်သွားသဖြင့် ရဲညီအောင်က မနေသာ။ ဖခင်အပါး လိုက်ကပ်ရင်း..

'မဟုတ်တာ ဖေဖေရာ... မနေ့ကပဲ သွေးပေါင်တက်လို့ ကိုလတ်ကို ခေါ်ရသေးတယ်မဟုတ်လား။ ကဲပါ သားပဲ သွားပါ့မယ်'

'ဖြစ်ပါ့မလား'

'ဖြစ်ပါတယ် စိတ်ချပါ ဖေဖေ။ ဒီတစ်ခါတော့ ဖေဖေ ချွေးမ မဖုရား ကို အပါ ပင့်ဆောင်ခဲ့ပါမယ် ။ စိတ်သာချ'

'တကယ်လား အငယ်လေး'

'နှစ်ကယ် နှစ်ကယ်... အုန်းသီးနဲ့ ငှက်ပျောဖီးပါ ဝယ်သွားမယ်'

ဖခင်က သူ့ကို သဘောကျစွာဖြင့် ပြုံးတုံ့တုံ့ ကြည့်လိုက်သည် ။ ရဲညီအောင်က အောင့်သက်သက်နှင့် ဝေ့ါကင်းရှူးကို ကောက်စွပ်လိုက်၏။

'ဖေဖေ စာရေးပေးလိုက်ဦးမယ်'

ဖခင်က သား၏ အကြောကို သိသူပီပီ ရယ်မောရင်း စာတစ်စောင် ကောက်ရေးလိုက်သည် ။ ပြီးလျှင်...

'ဒီစာကို သားကိုယ်တိုင် သမီးလက်ထဲ ထည့်လိုက်ပါ။ ပြီးတော့ ဂရုတစိုက် စောင့်ခေါ်ခဲ့ သား။ မမကိုပါ ရိပ်သာက ဝင်ခေါ်ချင်ခေါ်သွား။ ကြားလား အငယ်လေး'

'ဟုတ်ကဲ့'

'မမကို အဆင်သင့်လုပ်ထားဖို့ ဖေဖေ ဖုန်းဆက်ထားမယ် ကဲ သွားတော့'

'ဟုတ်ကဲ့'

ပုတ်သင်ညိုသဖွယ် ခေါင်းကိုညိတ်ပြီးရင်း ညိတ်ကာ ရဲညီအောင်သည် ဦးလေးကွန်းကို အဖော်ပြုကာ ကားကို ကိုယ်တိုင်မောင်းလျက် ထွ

က်လာခဲ့သည် ။

အိမ်အရိပ်မှ လွတ်မြောက်သည် နှင့် တစ်ပြိုင်နက် ဖခင်ရှေ့တွင် အောင့်အီးထားခဲ့ရသမျှ တို့ ကို ကြိမ်းဝါးတော့သည် ။

'ကျားနဲ့ ဆင် လယ်ပြင်မှာ တွေ့ကြသေးတာပေ့ါ၊ သင် ဘာမို့လို့ ဒီလောက်တောင် မာနတင်းနေရတာလဲ'

'ဟ... အငယ်လေးရ ကြိမ်းလှချည်လား။ ဆင် မဟုတ်ပါဘူး။ သိုးငယ်လေးပါကွယ်။ အပြစ်မဲ့တဲ့ သိုးငယ်လေးပါ၊ အဲ... အဲ ကျားကြီးသာ လည်မစင်းမိပါစေနဲ့ ကွာ'

'ဟာဗျာ... ဦးလေးကွန်းကြီးကလည်း သင်းလိုဟာများ ကျွန်တော်က ဘာလုပ်ရမှာ လဲ။ ကျွန်တော့်ဘေးမှာ အချောအလှတွေ ပေါငွေးဖြစ်နေတာ သိသားနဲ့ ဗျာ'

'အပြောမကြီးနဲ့ လေ အငယ်လေး။ မင်းမှ မတွေ့ဖူးသေးပဲ'

'တွေ့တော့ ဘာဖြစ်ရမှာ လဲ'

'သိဝိမင်းကြီးလို မဖြစ်ရင်တော်ပါပြီ'

'မွှန်းလှချည်လား၊ သူ့ဟာသူ မိုးပျံအောင် လှလှဗျာ။ ကျွန်တော်နဲ့ မဆိုင်ပါဘူး။ ခုလည်း ကျွန်တော် အလျှော့ပေးလိုက်လို့ ခေါ်ရတာ ဖေဖေ့ကြောင့်ပါဗျာ။ ဖေဖေက မွေးဖွားလာမယ့် သင်းရင်သွေးလေးကို တော်တော်မျှော်လင့်နေပုံရတယ်။ ဒါကြောင့် ကျွန်တော်က ဖေဖေ စိတ်ချမ်းသာဖို့ အတွက် မာနခဝါချလိုက်ရတာ'

'မြေးက အဖေ့အတွက် ကလေးအမေကကော'

'ဟာ... ဦးလေးကွန်းကြီးကလည်း ဘာအတွေးခေါင်နေတာလဲ။

သင်းက ကလေးမွေးပြီးရင် ဂျောင်းပေါ့၊ ကျွန်တော်တို့ တာဝန်ကုန်ပြီ’

‘ဟ….ဟ… မတရားလိုက်တာ အငယ်လေးရာ။ မိဘနဲ့ သားသမီးခွဲရင် မင်းဝဋ်ရှုလိုက်မှာ ပေါ့’

‘လိုက်လိုက်ဗျာ…. ဒီဟာမကြီးကိုက တကယ့် ဂြိုဟ်မင်းပဲ’

သူ့စကားကို ဦးလေးကွန်းက ဟက်ဟက်ပက်ပက် ရယ်ရင်း…

‘ဟတ်…. ဟား… ဟား….  ဟား… အငယ်လေးရာ၊ ဒီဟာမကြီးတဲ့လား၊ အင်းလေ… မင်းမှ မတွေ့ဖူးသေးဘဲ အဟင်း… တွေ့တော့မှ မြင်ယောင်သေးတယ်ကွာ’

‘ဘာကိုလဲ’

‘မင်း ငိုက်ကျသွားမှာ လေ’

‘တော်ပါတော့ ဦးလေးကွန်းရာ သင်းအကြောင်းပြောရတာ လေကုန်တယ်။ ကြီးကြီးကို ဝင်ခေါ်ရဦးမှာ ။  မေ့တော့ မလို့ ၊ သင်းရှုပ်တာနဲ့ ကြီးကြီး တရားထိုင်ပျက်ရပြီ’

‘ကဲ…ကဲ… သင်းအကြောင်းပြောပြီးရင်လည်း ကားရှိန်တော့နည်းနည်း လျှော့ပါဦးကွယ်’

‘ဟတ်…. ဟား ဦးလေးကွန်းကလည်း ကားဆိုတာ မြန်လေ ဇိမ်ရှိလေပဲဟာ။ ကျွန်တော် ဘယ်တုန်းကများ နှေးနှေးမောင်းဖူးလို့ လဲ’

ကားရှိန်က လျှော့မသွားပါ။ ဦးလေးကွန်းက ပြောမရသဖြင့် စိတ်လျှော့ချကာ ကူရှင်သို့ မှီချလိုက်ရင်း…

‘အင်းလေ… မြန်လေဇိမ်ရှိလေပဲလို့ ပြောတတ်တဲ့ သားကြီးလည်း သားကြီးလည်း ဇိမ်ရှိရှိ ကားအမြန်မောင်းခြင်းက သေမင်းအထိ ခေါ်

ဆောင်သွားခဲ့ပြီ မဟုတ်လား။ သတိထားကွယ်’

ဦးလေးကွန်းက ပြောပြောဆိုဆို နှင့် မျက်စိမှိတ်ကာ ဘုရားစာကိုရွတ်ရင်း လိုက်ပါလာသည် ။

ဦးလေးကွန်းစကားကြောင့် ရင်နင့်သွားရသူက ရဲညီအောင်ပင်။

သူ့ထက် အသက်ရှစ်နှစ်ခန့်ကြီးသော ဖွဲကိုအောင်ကို မျက်စိထဲ မြင်ယောင်လာသည် ။ ညီကိုချစ်၍ အလိုလိုက်သော ကိုကိုသည် သူ့ကဲ့သို့ပင် ကားမောင်းကြမ်းသည် ။ ဆရာဝန်တစ်ဦးဖြစ်သော ကိုကိုသည် ဒိုက်ဦးမြို့ ပြည်သူ့ ဆေးရုံ ၌ တာဝန်ထမ်းဆောင်စဉ် လွန်ခဲ့သော လေးလခန့်က သူ့သဘောနှင့်သူ နှစ်သက်ရာ မိန်းကလေးကို လက်ဆက်သွားခဲ့သည် ။

မိဘများ သဘောတူထားသူရှိလျက် အခြား အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်သွားခြင်းကို ဖခင်နှင့်ကြီးကြီးတို့ က စိတ်ဆိုးကာ အဆက်အသွယ်ဖြတ်ထားခဲ့သည် ။

သို့သော လွန်ခဲ့သော သုံးပတ်တွင် ကိုကိုသည် ဒိုက်ဦးမြို့တွင် ကားမှောက်ကွယ်လွန်သွားခဲ့သည် ။ သံကြိုးစာ ရရချင်း ဖခင်ရော ကြီးကြီးပါ ဒိုက်ဦးသို့ ချက်ချင်းလိုက်သွားခဲ့သည် ။ ကိုကို့ စျာပနကို  အစည်ကားဆုံးဖြစ်အောင် ဆောင်ရွက်ပေးခဲ့ရာသည် ။ ကြီးကြီးက သောကမီးကို ငြိမ်းသတ်နိုင်ရန် မဟာစည်ရိပ်သာ ဝင်ကာ တရားအားထုတ် နေသကဲ့သို့ ဖခင်ကလည်း ရင်တွင်းမီးကို သူ၏ ပွဲရုံလုပ်ငန်း၌  အချိန်ပြည့်မြှုပ်နှံထားခဲ့ရာလေသည် ။

ထိုစဉ်က  သူ အိမ်၌ မရှိချေ။ သူငယ်ချင်းများ နှင့်  မြန်မာပြည်အနှံ့ ခရီးဆန့်နေခဲ့သည် ။  အပျော်ကျူးခဲ့လေသမျှ အိမ်ပြန်ရောက်မှ ကိုကို့သတင်းဆိုးအတွက် မျက်ရည်ကျခဲ့ရသည် ။

‘အငယ်လေး’

‘ဗျာ’

‘ဘာတွေတွေးနေတာလဲ ရိပ်သာရှေ့ရောက်ပြီလေ’

‘ဩော်... ဟုတ်သားပဲ’

ရဲညီအောင်သည် ကိုကိုနှင့် ပတ်သက်သော အတွေးကို ဖျောက်ဖျက်ကာ လက်ရှိကာလသို့ အာရုံပြန်ပြုလိုက်သည် ။ သူ့ ရင်ထဲမှာ တော့ သောကနှင့် ဒေါသ အသိုက်အမြုံလေးကတော့ ရှိနေဆဲပင်။

တမလွန်ရောက် ကိုကိုသည် သူ့ချစ်ဇနီးအပေါ် ငြိုငြင် နေသူ သူ့အား ခွင့်လွှတ်နိုင်ပါ့မလား။

*****

‘There is a time of speaking and a time for being still’

**စကားပြောရမည့် အချိန်တစ်ချိန်ရှိပြီး ငြိမ်ငြိမ်နေရမည့် အချိန်တစ်ချိန်လည်း ရှိသည်။**

## အခန်း (၂)

ကိုကို တည်ဆောက်ခိုနားခဲ့သော တူနှစ်ကိုယ်တိုင်းပြည်ကလေးသည် ဆိတ်ငြိမ်လွန်းလှသည်။ နေချင်စဖွယ်လေး ဖြစ်သည်။ ခရီးပန်းလာသော ရဲညီအောင်ရင်ထဲ အေးမြသွားသကဲ့သို့ ရှိသော်လည်း ...

‘ဟော… ကြီးမေ… ကြီးမေ ကိုယ်တိုင် လိုက်လာတယ်’

အသံစာစာလေးနှင့် အတူ ကားဆီသို့ အပြေးအလွှားရောက်လာသော ချာတိတ်မလေးတစ်ဦးကို သူတွေ့လိုက်ရသည်။ တကယ့် အလှစားလေး။ နဖူးပေါ်တွေ ဝိုက်ဝိုက်ကလေး ညှပ်ကာ ကုပ်သို့ ကပ်ကာ စိုက်သွားသော ဆာမူရိုင်းပုံ ဆံပင်တိုကပ်ကပ်လေးက သူမ၏ ပြည့်ပြည့်ဖူးဖူး မျက်နှာလေးကို ဘောင်ခတ်ထားသည့်အလား ရှိသည်။ ဆံပင်အုံကောင်းကာ နက်မှောက် သပိတ်ရောင်တောက်နေသည်။ အသားအရည်က အဖုအပိန့်မရှိ မှ ည့်မထင်။ ဝင်းမွတ်ကာ နို့နှစ်ရောင် သန်းနေသည်။ ဂျပန်လေးနှင့်ပင် တူနေသည်။

‘လာရတာပေါ့။ သမီးမလိုက်မနေရအောင် ကြီးကြီးကိုယ်တိုင် လိုက်လာရတာ’

‘အာ …အားနာလိုက်တာ မီးကြောင့် ကြီးကြီးတို့ ဒုက္ခရောက်ကုန်ပြီလာ… လာ… ကြီးကြီးမေ’

ဆည်းလည်သံလေးနှင့်အတူ ကြီးကြီးကို ဖက်လဲတကင်း ဆီးကြိုတွဲခေါ်သွားသော ချာတိတ်မလေးကို ရဲညီအောင် ခြေဆုံးခေါင်းဖျား ကြည့်လိုက်မိသည် ။

တီရှပ်အင်္ကျီပွပွ၊ ထဘီက ဒူးဖုံးရုံသာ ရှိသည် ။ ခြေသလုံး သားဝင်းနှစ်နှစ်ကလေးက အသည်းယားစဖွယ် ဖြစ်နေသည် ။ သူ့မျက်စိထဲတွင်တော့ အထူးအဆန်းမဟုတ်။ ခေတ် မိန်းကလေးများ ၏ နောက်ဆုံးပေါ်ဖက်ရှင်ဖြစ်၍ အမြင်က ရိုးအီနေပြီ။ သို့သော် ဤ ချာတိတ်မ၏ ခြေသလုံးပေါ်မှ အကြောစိမ်းလေးများကိုလည်းကောင်း၊ မွေးညင်းစိမ်းနုနုလေးများကိုလည်းကောင်း နေလောင်သွားမှာ စိုးရိမ်သည် ။

‘တော်တော်လှတဲ့ ကောင်မလေး’

စိတ်ထဲ၌ ကောက်ချက်ချလိုက်သည် ။ တစ်ဆက်တည်း မရီးတော်၏ညီမလေးဟု တွေးကာ စိတ်ထဲ၌ လှုပ်ရှားလာသည် ။ ကားကိုမှီကာကြီးကြီးကို ဖက်တွဲလျက် ကျောခိုင်းသွားသော ချာတိတ်မလေးကိုသာစူးစူးရဲရဲ အကဲခတ်နေမိစဉ်

‘အဟမ်း’

ဦးလေးကွန်းထဲမှ ချောင်းဟန့်သံ ထွက်လာသဖြင့် သူက ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပြလိုက်သည် ။

‘ဟဲ့ အငယ်လေး လာလေ ဘာလုပ်နေတာလဲ’

'ဟုာ... ဟုတ်ကဲ့'

ကြီးကြီးက ခုမှ သတိရဟန်ဖြင့် သူ့ကို လှည့်ကြည့်ခေါ်လိုက်ရာ သူလည်း မနေသာဘဲ ကြီးကြီးတို့ နောက်မှ လိုက်လာရလေသည် ။ ဦးလေး ကွန်းမျက်နှာက ပြုံးတုံ့တုံ့ဖြစ်နေသည် ။

ချာတိတ်မလေး ဦးဆောင်မှုဖြင့် သေသပ်သန့်ရှင်းသော ဧည့်ခန်း၏ ဆက်တီတွင် အသီးသီးထိုင်ပြီးသည် နှင့် တပြိုင်နက်

'ကြီးမေတို့ မောလာတယ်နော်။ မီး.... သံပရာရည် သွားဖျော်လိုက်ဦးမယ်'

'နေ...နေ သမီး ဘာမှ မလုပ်နဲ့ ထိုင်ပါဦး'

ကြီးကြီးက သူမ လက်ကလေးကိုဆွဲကာ ထိုင်စေသည် ။ ပြီးလျှင် ရဲညီအောင်ဘက် လှည့်ကာ...

'အငယ်လေး'

'ဟုာ ကြီးကြီး'

'ဒါ သားရဲ့ မရီးလေ။ သားကြီး ဇနီးပေ့ါ'

'ဟင်'

သူ့ရင်ထဲမှ ဟင်သည် နှုတ်ဖျားမှ ခုန်ပေါက်ထွက်သွားလေသည် ။ အံ့အားသင့်ခြင်းကြီးစွာဖြင့် ချာတိတ်လေးကို ခပ်ကြောင်ကြောင်ကြည့်မိသည် ။ တစ်ဆယ့်ရှစ်နှစ်မှ ပြည့်သေးလေစ ဟု သံသယစိတ်ကို နှုတ်မှ မဖွင့်ဟ မိစေရန် ချုပ်တည်းထားလိုက်ရသည် ။

'သမီး သူက ကိုကိုရဲ့ ညီလေးလေ'

'မီး သိပါတယ် ကြီးမေ ။ ကိုကိုကြီးက ဓာတ်ပုံတွေ ပြထားလို့ မီး

အားလုံးကို သိဖူး မြင်ဖူးနေပါတယ်’

ရဲညီအောင် အတော် စိတ်ပျက်လက်ပျက် ဖြစ်သွားသည် ။ ကြည့်ရှင်ဝင်းမွတ်နေသော မျက်နှာနုနုနှင့် ဤမိန်းကလေးသည် သူ့မရီး ဖြစ်နေခြင်းအတွက် ကသိကအောက်နိုင်သွားသည် ။ မျက်နှာထားတည်တည်လေးဖြင့် သူ့အား မျက်လုံးဝင့်ကြည့်ကာ အသိအမှတ်ပြုလိုက်သည့် ဟန်ကိုကပင် လူကြီး လုပ်တမ်းကစားသော ဟန်မျိုးသာ ဖြစ်နေသည် ။ ကြည့်၍ မရချင်တော့။

‘စာပေးလိုက်ဦးလေ အငယ်လေး’

ဦးလေးကွန်းက သတိပေးလိုက်သောအခါမှ ရဲညီအောင် သတိဝင်ကာ ဖခင်ပေးလိုက်သော စာကို လှမ်းပေးလိုက်သည် ။

ချာတိတ်မလေးက သူ့အားတစ်ချက်ကြည့်မှ ဖခင်၏ စာကို ဖြန့်ဖတ်လိုက်သည် ။ ဖတ်ရင်းပင် မျက်ရည်များ ရစ်ဝိုင်းလာသည် ။ ချက်ချင်းဆိုသလို ရှည်လျား၊ များ ပြား၊ နက်မှောင်သော မျက်တောင်ရှည်ကြီးများကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ မျက်ရည်များကို သိမ်းဆည်းလိုက်သည် ။

‘လိုက်ခဲ့နော် သမီးလေး၊ သမီး ဖေဖေက သမီးကို သူကိုယ်တိုင် လိုက်ခေါ်ချင်တာ။သွေးတိုးနေလို့ မလာနိုင်ရှာဘူး’

ရဲညီအောင် ရင်ထဲ၌ အော်ဟစ်နေမိသ ည်။

‘လုပ်မနေနဲ့ နင့်ကို လိုလားတာ မဟုတ်ဘူး ။ ကလေးကိုဟေ့ ကလေးကို’ဟု ။

‘လိုလားတာပေါ့ ကြီးကြီးတို့ မှာ သမီး မိန်းကလေး မရှိတော့ သမီးမိန်းကလေးရလေခြင်း ဆိုပြီး ဝမ်းသာနေကြတာပါကွယ်။ ကိုင်း ဘာမှ

ကြောင့်ကြမနေနဲ့ သမီး ပစ္စည်းတွေသာ သိမ်းတော့’

‘ဟင် အခုလိုက်ရမှာ လား’

ရဲညီအောင်က သူမကို ကြည့်ရင်း အမြင်ကပ်စွာ တွေးနေမိသည် ။

‘မူနေပြန်ပြီ’

‘ခု လိုက်ရမှာ ပေါ့။ ကဲပါ။ ကြီးကြီးတို့ ဝိုင်းသိမ်းပေးပါ့မယ်။ သမီး အဝတ်အစားပဲ ယူမယ်လေ။ ကျန်တဲ့ ပစ္စည်းတွေကို နောက်မှ မောင်ကွန်းနဲ့ အလုပ်သမားတွေကို လွှတ်ပြီး ယူပေါ့ကွယ်’

‘ဒါဖြင့်လည်း မီးသွားယူလိုက်ဦးမယ်’

‘ကြီးကြီးပါ လိုက်မှာ ပေါ့’

ကြီးကြီးနှင့် ချာတိတ်မလေး အတွင်းခန်းသို့ ဝင်ရောက်မှ ရဲညီအောင်က ဦးလေးကွန်းအား ခပ်တိုးတိုး လှမ်းပြောလိုက်သည် ။

‘စံပါပဲ ဦးလေးကွန်းရာ’

‘ဘာဖြစ်လို့ လဲ’

‘ကိုကို့ကို ပြောတာ တကယ်စံပဲ ။ နံ့ပြည်စုတ် အမြောက်ချိန်တာပဲ၊ ဆယ့်ခြောက်နှစ်တောင် ပြည့်ရဲ့ လား မသိဘူး’

‘မေတ္တာဆိုတာ အသက် အပိုင်းအခြားနဲ့ မဆိုင်ပါဘူး အငယ်လေးရာ
’

‘သူ့ကြည့်ရတာ ဆွေးပုံလည်း မရဘူး။ လင်သေမုဆိုးမနဲ့ မတူတာ တော့ အမှန်ပဲ။ ဒီအတိုင်းသာဆိုရင် ကြာရှည်ခံပါ့မလားပဲ’

‘ဘာမခံမှာ လဲ’

'နောက်အိမ်ထောင်ပြုမှာ ကို ပြောတာ'

ဦးလေးကွန်းက သူ့အား နားလည်ခွင့်လွှတ်သော အပြုံးဖြင့် ပြုံးပြရင်း

'ဒါကတော့ အချိန်က စကားပြောပါလိမ့်မယ်'

ရဲညီအောင်က ထပ်မံစကားမဆိုတော့ဘဲ ခြံထဲသို့ ဆင်းခဲ့လေသည် ။ ကားကို စစ်ဆေးသည် ။

'ဟဲ့သမီး အလေးအပင် မ မရဘူးလေ။ မောင်ကွန်း'

ကြီးကြီး၏ အသံက ကျယ်ကျယ်လောင်လောင် ထွက်လာသည် ။

'ရပါတယ် ကြီးမေရဲ့ '

'ထားထား ကလေးမ ဦးလေး သယ်မယ်'

ရဲညီအောင် မနေသာသဖြင့် အိမ်ပေါ်ပြန်တက်ခဲ့သည် ။ ဦးလေးကွန်းနှင့်အတူ သံသေတ္တာကို မ ဟန်ပြင်နေသော သူ့မရီးအား…

'ဖယ်'

ဖယ်ခိုင်းပြီး ဦးလေးကွန်းနှင့် တစ်ဖက်စီမကာ ကားနောက်ခန်းသို့ တင်လိုက်သည် ။ နောက်ထပ် ခြင်းနှင့် သားရေအိတ်များကိုလည်း သူနှင့် ဦးလေးကွန်းသာ ဆွဲယူတင်ဆောင်လိုက်ကြသည် ။ ရဲညီအောင်စိတ်၌ ဤ ချာတိတ်မကို အိမ်သို့ အမြန် ပို့ဆောင်ပေးရန်သာ အရေးကြီးသည် ။ အိမ်ရောက်လျှင် သူ့တာဝန်ကုန်ပြီဟု ယူဆထားခြင်းကြောင့်ဖြစ်သည် ။

'အိမ်ကိုကော ဘယ်လိုလုပ်မလဲ'

'သော့ခတ်ထားမှာ ပေါ့။ ဘေးအိမ်ကိုတော့ ကြည့်ထားပေးဖို့

မီးသွားမှာ လိုက်ဦးမယ်နော် ကြီးမေ'

'အေးအေး'

ခြံနဲ့ ဝင်းနဲ့ ပျဉ်ထောင်အိမ်တစ်လုံးတည်းတွင် တစ်ယောက်တည်း နေခဲ့ဟန်တူသော သူမ သတ္တိကိုတော့ ရဲညီအောင် လက်ဖျားခါမိသည် ။

'သတ္တိကောင်းလှချည်လား'

'သူတစ်ယောက်တည်း နေတာလား မမကြီး'

'အေးလေဟယ်.... အစကတော့ လင်မယားနှစ်ယောက်ပေ့ါ။ ခုတော့ တစ်ယောက်တည်းတဲ့ လေ။ ရက်လည်အထိတော့ အိမ်နီးချင်းတွေက လာနေပေးတယ်။ နောက်ရက်တွေတော့ သူနေရဲတယ်ဆိုလို့ လာမနေ ပေးကြတော့ သူတစ်ယောက်တည်းပေ့ါ'

'ဆွေမျိုးတွေကော'

'မရှိဘူးပြောတာပဲ။ မိဘအကြောင်းပြောရင် စကားလွှဲတာနဲ့ ငါလည်း မမေးတော့ပါဘူး'

ကြီးကြီးနှင့် ဦးလေးကွန်း စကားတို့ ကို နားထောင်ရင်း တစ်ဖက်ခြံ မှ မိန်းမကြီးတစ်သီးနှင့် စကားပြောပြီးလျှောက်လာသော သူမကို မြင် သည် နှင့် ကားပေါ်တက်ကာ စက်နှိုးလိုက်သည် ။

ကြီးကြီးက သူ့အား မျက်စောင်းစွေကာ...

'လောလိုက်တာ ဟိုမှာ လာပါစေဦးလား'

အာဂချာတိတ်မပင် သူက ကားစက်နှိုးသော်လည်း မြန်မြန်ထက်ထ က်မလာ၊ ပုံမှန် အနေအထားအတိုင်းသာ လျှောက်လာသည် ။

'ကိစ္စ ပြီးရဲ့ လား သမီး'

'ပြီးပါပြီ ကြီးမေ... သွားလို့ ရပါပြီ'

'ရှေ့မှာ ပဲ ထိုင် သမီး'

ကြီးကြီးက အလယ်တွင် ဝင်ထိုင်ပြီး သူမကို ဘေး၌ နေရာပေးလိုက်သည် ။ သူမမျက်နှာသည် တွေစကနှင့်မတူ အိမ်ဆီသို့ ငေးကြည့်ရင်း မျက်ရည်များ လိမ့်ဆင်းလာသည် ကို ရဲညီအောင်က တစေ့တစောင်း တွေ့လိုက်ရသည် ။

ကားကို ထုံးစံအတိုင်း ဆောင့်ထွက်ခဲ့မိသည် ။

'ဒီလိုပဲ သမီးရေ တရားနဲ့ သာဖြေ ဘယ်အရာမှ မတည်မြဲဘူး ကိုယ်မပိုင်ဘူး ဒါဟာ မမြဲခြင်း တရားတွေပဲ'

ကြီးကြီးက တရားသဘောနှင့်နှစ်သိမ့်လိုက်သည် ။

'ဟုတ်ကဲ့ပါ ကြီးမေ'

ရှိုက်သံနှောကာ ပြောလိုက်သံလေးက တစ်မျိုးပင်။ ဤ ချာတိတ်မလေးသည် အဘိုးကြီး အဘွားကြီးများ ၏ အသည်းကျော်ဖြစ်လာနိုင်မည်။ ရဲညီအောင် မနာလိုချင်လို ဖြစ်မိသည် ။

'အငယ်လေး'

'ဗျာ'

'ဖြည်းဖြည်းမောင်းကွယ်'

'ဟုတ်ကဲ့'

ကြီးကြီးက သတိပေးသဖြင့် 'ဟုတ်ကဲ့' ဟု ဆိုလိုက်သော်ငြား ကားရှိန်ကို လျှော့ရန် သတိမရ။ အရှိန်ပြင်းပြင်းမောင်းမိနေဆဲပင်။ အတွေး၌ ကိုကို့ကို သတိရနေမိသည် ။ ကိုကိုသည် ဤ ချာတိတ်မနှင့် ဘယ်လို

တွေ့ကာ လူကြီးများကို လွန်ဆန်ပြီး လက်ထပ်ယူရအောင်များ အရူးအမူး ဖြစ်ရသလား။ ခုတော့ သူ့ ကိုယ်ပွားများကို ထားရစ်ကာ ဘယ်ဘဝများ ရောက်နေသလဲ။

‘ဝေါ့…’

‘ဟင် သမီး’

ဘေးမှ အသံဗလံကြောင့် သူ့ကားကို လမ်းဘေးကို ရပ်လိုက်သည် ။ ဘာတွေဖြစ်နေသလဲဟု လှည့်ကြည့်လိုက်သည် ။ ချွေးများ ရွှဲနစ်ကာ မျက်နှာရဲရဲဖြင့် ပျို့နေသော သူမကို တွေ့လိုက်ရ၏။

ကားရပ်သည် နှင့် တံခါးဖွင့်ဆင်းပြီး လမ်းဘေး၌ သွားအန်လေသည် ။

‘ဝေါ့’

ကြီးကြီးက လိုက်ဆင်းကာ သူမ ကျောကို ထောက်ပေးရင်း…

‘အငယ်လေး… ရေဘူးပေးစမ်း’

ဦးလေးကွန်းက ယူပေးပြီး ဖြစ်နေသည် ။ ဘာတွေဖြစ်နေသနည်း။ ရဲညီအောင် နားမလည်။ တောသူများ ကားစီးသော အခါ မစီးဖူးသဖြင့် မူးအန်သကဲ့သို့ အန်ခြင်းပေလား။ သူ့ကြည့်ရသည် မှာ တောသူနှင့်မတူ ။ ဗိုလ်ချုပ်ဈေး ခေါင်မိုးပေါ်တွင် မွေးဖွားသူအလား ခေတ်၏ နောက်ဆုံးဖက်ရှင်နှင့် ရှိနေသည် ။

‘သက်သာရဲ့ လား သမီး’

‘ရသွားပါပြီ ကြီးမေ’

ကားထဲ ပြန်ဝင်လာကြသည် ။

‘မောင်းတော့ အငယ်လေး’

သူကားကို ပြန်မောင်းခဲ့သည် ။

‘ကြီးကြီးကို မှီလေ သံပုရာသီးလည်း ရှူလိုက် သမီး’

‘ဟုတ်ကဲ့’

‘ဘယ်နှလ ရှိပြီလဲ သမီး’

‘နှစ်လကျော်ပြီ ကြီးမေ’

‘အစားအသောက်ကော ပျက်သေးလား’

‘ပျက်တယ် ကြီးမေ ဘာကိုမှ မစားချင်ဘူး ။ ပန်းသီးပဲ စားချင်နေတာ မှာ လို့ လည်း မရဘူး’

‘ဖြစ်ရလေ သမီးရယ်။ ကဲ… ကြီးမေတို့ ဆီ ရောက်ရင် ဘာမှ မပူနဲ့ သမီးစားချင်တာ၊ လိုချင်တာ အားလုံး ရစေရမယ်’

ဘာတွေ ပြောနေကြမှန်း သူနားမလည်။ ကြီးကြီး ထက်ဝယ် ခေါင်းတင်ပြီး ဇိမ်လုပ်လာသော ချာတိတ်မကို ငဲ့စောင်းကြည့်လိုက်မိသဖြင့် ကားအနည်းငယ် ယိုင်သွားရာ…

‘အငယ်လေး…. ကားရှိန်နည်းနည်းလျှော့ သမီး သိပ်မူးနေမယ်’

ကားမြန်မြန်မောင်းခြင်းနှင့် ခေါင်းမူးခြင်း ဆိုင်သလား မဆိုင်ဘူးလား သူ မခွဲခြားတတ်။ သို့သော် ကားရှိန်ကိုတော့ လျှော့မောင်းလိုက်ရသည် ။ မကြာခဏ မူးပြီး အန်တိုင်း ကားရပ်ပေးရလျှင် ရန်ကုန်သို့ သန်းခေါင်ကျော်မှ ရောက်ပေမည်။

‘မူးသေးလားသမီး’

‘သက်သာပါတယ် ကြီးမေ’

‘ဟူး တော်ပါသေးရဲ့ ’ ဟု တွေးကာ သက်ပြင်းချလိုသည် ။ သူ ခေါင်းထဲနောက်နေသည် ။ ဖခင်နှင့် ကြီးကြီးတို့ အပေါ်လည်း သူ နားမလည်။ ကိုကို ဤချာတိတ်မကို ယူလိုက်သဖြင့် စိတ်ဆိုးကာ အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီးကာမှ ယခုတော့ အသည်းပိုကာ ယုယနေကြခြင်းကို သူ နားမလည်နိုင်အောင် ဖြစ်နေသည် ။ အမှန်တကယ်ဆိုလျှင် ကိုကို မရှိတော့သည့်နောက်ပိုင်း မိမိတို့ မကြည်ဖြူသူကို ဥပေက္ခာပြုထားလိုက်ရုံသာရှိသည် ။ ယခုတော့ ဤသို့ မဟုတ်။

‘အငယ်လေး.... မင်းကြီးကြီးကို ရွဲ့နေတာလား’

‘ဗျာ’

အနားကပ် ဟိန်းထွက်လာသော ကြီးကြီးအသံကြောင့် သူ့ အတွေးလွင့်စင်သွားသည် ။ ကြီးကြီး ဘာကို ဆိုလိုမှန်း သူ နားမလည်။

‘မင်း ငါ့ကို ရွဲ့ပြီး ကားကို လိပ်နဲ့ အပြိုင် မောင်းနေတာလား’

သူနားလည်သွားပြီ။ ဆယ်မိုင်နှုန်းကျော်ရုံသာ ရှိသည့်ကားကို လမ်းဘေးထိုးရပ်လိုက်ပြန်သည် ။

‘ဒါ ဘာဖြစ်ရပြန်ပြီလဲ’

‘ခက်တယ် ကြီးကြီး။လူ့အလို နတ်မလိုက်နိုင်ဘူးဆိုတဲ့ စကား သိပ်မှန်တာပဲ။ ကိုင်းဗျာ... ဦးလေးကွန်းပဲ လာမောင်းပါတော့’

သူက ပြောပြောဆိုဆို တံခါးဖွင့်ဆင်းကာ နောက်ခန်းဘက် လှမ်းခဲ့သည် ။

‘အလိုတော်... နတ်စကားထွက်လို့ ။ မမောင်းချင်နေတော့’

ကြီးကြီး သူ့အား မဲ့ပြပြီး လှမ်းပြောလိုက်သည် ကိုလည်းကောင်း။

‘အငယ်လေးတော့ ဒိန်းတလိန်းနတ် ဖမ်းစားနေပြီထင်တယ်’

ဦးလေးကွန်းက သူ့အား တီးတိုးပြောသွားသည် ကိုလည်းကောင်း၊ မကြားဟန်ပြုကာ ကားနောက်ခန်းသို့တက်လျက် ခပ်ကွေးကွေးလဲလျောင်းကာ လိုက်ပါလာခဲ့သည် ။ စကားပြောဖော်မရှိ။ ရင်ထဲမှာ ရှိနေသော စကားများကို အမှားပါမှာ စိုးသဖြင့် ချုပ်တည်းနေရခြင်းက ခံရခက်လှသည် ။ ပျင်းရိညည်းငွေ့စွာဖြင့် ချုပ်တည်းနေရခြင်းက ခံရခက်လှသည် ။ ပျင်းရိညည်းငွေ့စွာဖြင့် မျက်လုံးမှိတ်ထားလိုက်သည်။ ခိုးလုခုလု ဖြစ်နေသည့်ကြားက သူအိပ်ပျော်သွားခဲ့သည် ။

*****